ဖြစ်သော စေတနာကို "ဌာန"ဟု ခေါ်သည်။ [ဤကား အများယူရိုးဖြစ်၏၊ ဤကျမ်းအယူကို နောက်၌ မှတ်ချက် ပြအံ့။]

**အဋ္ဌကထာ။** ။မာလာတိ ယံ ကိဉ္စိ ပုပ္ဖံ။ ဂန္ဓန္တိ ယံ ကိဉ္စိ ဂန္ဓဇာတံ။ ဝိလေပနန္တိ ဆဝိရာဂ ကရဏံ။ တတ္ထ ပိဠန္ဓန္တော ဓာရေတိ နာမ=ပန်းပန်သူသည် ပန်းကိုဆောင်သူ မည်၏။ ဦနဋ္ဌာနံ ပူရေန္တော မဏ္ဍေတိ နာမ=သနပ်ခါးနံ့သာ ဖြစ်တို့ဖြင့် နိမ့်ရာအရပ်ကို ပြည့်အောင် ဖို့သိပ်သူသည် အသား အရေကို တန်ဆာဆင်သူမည်၏။ ဂန္ဓဝသေန ဆဝိရာဂဝသေန စ သာဒယန္တော ဝိဘူသေတိ နာမ=အနံ့ကိုဖြစ်စေ အသားအရေ တပ်စွဲဘွယ်ရှိအောင်ဖြစ်စေ သာယာသူသည် လိမ်းကျံ ခြယ် လှယ်သူ မည်၏။ [သီလက္ခန်စသည်။]

**မှတ်ချက်။** ။ဤအဋ္ဌကထာ၌ "ပိဠန္ဓန္တော ဓာရေတိ နာမ" ကို ထောက်၍ မာလာနှင့် ဓာရဏတွဲ၍ အနက် အဓိပ္ပါယ် ယူရမည်မှာ သေချာ၏၊ ထို့အတူပင် ဂန္ဓနှင့် မဏ္ဍန, ဝိလေပနနှင့် ဝိဘူသနကိုလည်း တွဲစပ်၍ အနက်အဓိပ္ပါယ် မှတ်လေ့ ရှိကြ၏၊ ထိုမှတ်သားမှုကိုကား စဉ်းစားသင့်၏၊ ထင်ရှားစေအံ့—ဂန္ဓန္တိ ဝါသစုဏ္ဏာဓူမာဒိကံ (နံ့သာအမှုန့်, နံ့သာအခိုး=အမွှေးတိုင်အစရှိသော) ဝိလေပနတော အညံ ယံကိဉ္စိ ဂန္ဓဇာတံ (ဝိလေပနတွင် မပါဝင်သော အမွှေးအကြိုင် ဟူသမျှ=ရေမွှေးနံ့သာဆီစသည်၊) ဝိလေပနန္တိ ဝိလေပနတ္ထံ (လိမ်းဘို့ရာ) ပိသိတ္ဝာ ပဋိယတ္တံ(ကြိတ်ချေ၍ စီမံအပ်သော) ယံကိဉ္စိ ဆဝိရာဂကရဏံ (သူ့ကို လိမ်းလျှင် အရေအဆင်း